STAR CITY

အမှတ်စဉ် - ၄၃

သတင်းလွှာ

အောက်တိုဘာလ

# ပထမအကြိမ် CITY LOFT အိမ်ရာစီမံကိန်း၏ ဆောက်လုပ်ပြီးစီးသော အဆောက်အဦ (၃) လုံးအား လွှဲပြောင်းပေးအပ်ခြင်း

City Loft အိမ်ရာအနေဖြင့် ရှေးဦးစွာ လူနေအိမ်အဆောက်အဦး (၃)လုံးကို အောင်မြင်စွာ ဆောက်လုပ်နိုင်ခဲ့ပြီး ပထမအကြိမ် တိုက်ခန်းများ လွှဲပြောင်းပေးအပ်ခြင်းကိုတော့ ဩဂုတ်လ၏ နောက်ဆုံးအပတ်မှ စတင်ပြုလုပ်ခဲ့ပါတယ်။ ယနေ့အချိန်ထိ အိမ်ခန်းပေါင်း (၁၀၀) ကျော်ကို ပိုင်ရှင်များထံသို့ အခန်းသော့ အောင်မြင်စွာပေးအပ်လျက်ရှိပါတယ်။ အိမ်ခန်းလွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်များသည် ရုတ်ချည်းထွက်ပေါ်လာသော နေအိမ်တွင်သာနေထိုင်ရန်အမိန့် (Stay At Home Orders) များကြောင့် နှောင့်နှေးခဲ့ရသည်ဆိုသော်လည်း City Loft team အနေနဲ့ ယခုလိုကာလအတွင်း ဆောက်လုပ်ပြီးသော အိမ်ခန်းများအား လွှဲပြောင်းနိုင်ခဲ့ခြင်းအပေါ် များစွာဂုဏ်ယူလျက်ရှိပါတယ်။ ယခုထုတ်ပြန်ထားသော အမိန့်များ ပြန်လည်ရုတ်သိမ်းပေးလိုက်မည့် အချိန်တွင်လည်း အိမ်ခန်းများအား ဆက်လက်လွှဲပြောင်းပေးနိုင် ရန်အတွက် စောင့်ဆိုင်းလျက်ရှိပါတယ်။



City Loft အခန်းပိုင်ရှင်သစ်များသည် ယခုအချိန်တွင် Star City အိမ်ရာအသိုင်းအဝန်းအတွင်းသို့ စာရင်းအရပါဝင်လာပြီဖြစ်ပြီး အိမ်ရာစီမံထိန်းသိမ်းရေးရုံးမှ ထုတ်ပြန်ချက်များကိုလည်း စတင်လက်ခံ ရရှိနေပြီ ဖြစ်ပါတယ်။ ကြယ်စင်မြို့တော်အိမ်ရာအတွက် အွန်လိုင်းမှကျင်းပပြုလုပ်ပေးလျက်ရှိသော လူမှုနေ ထိုင်မှုဘဝလှုပ်ရှားမှု (lifestyle activities) များတွင်လည်း စတင်ပါဝင်ဆင်နွှဲနိုင်ပါပြီ။ အိမ်ရာအုပ်ချုပ်နေသူများအနေဖြင့်လည်း City Loft အဆောက်အဦးအသစ်များ၏ လှပသောဓာတ်ပုံများကို ဂုဏ်ယူစွာဖြင့် ဝေဝေဆာဆာဖော်ပြလိုက်ပြီး မိမိရဲ့ အိမ်နီးချင်းအသစ်ဖြစ်လာမည့်သူများကို ကြိုတင်မှန်းဆပြီး နွေးထွေးစွာဖြင့် ကြိုဆိုလက်ခံပေးလိုက်ကြရအောင်။


City Loft အိမ်ရာအဝင်ဝထဲသို့ဝင်ဝင်ချင်း၊ အဝိုင်းပတ်တစ်ခုကိုပတ်ပြီးတာနဲ့ ပဲခူးမြစ်ကို ဖြတ်ကျော်ပြီး ကြည့်လိုက်မည်ဆိုလျှင် အလွန်သပ္ပာယ်လှတဲ့ ရွှေတိဂုံစေတီကို ဖူးမျှော်ရပါမယ်။ ကြယ်စင်အိမ်ရာမှာ နေထိုင်ကြတဲ့ မိသားစုဝင်များကိုလည်း အိမ်တွင်သာနေထိုင်ရန်အမိန့်ထုတ်ပြန်ထားတာကို ပယ်ဖျက်လိုက်တဲ့ တစ်နေ့မှာ ပတ်ဝန်းကျင်အလှကို လာရောက်လေ့လာဖို့ တိုက်တွန်းလိုက်ပါတယ်။

**#StarCityOurHome #StayTune #StayExcited**





STARCITY



# ဘဝမှာ မသေချာ၊ မရေရာမှုတွေကို ရင်ဆိုင်ကိုင်တွယ်နိုင်ဖို့ နည်းလမ်း ၁၀ ချက်

အောက်တိုဘာလ ၈ ရက်နေ့ WHO စာရင်းထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ရောဂါကူးစက်နေသူစုစုပေါင်း သန်းပေါင်း ၃၆,၀၀၂,၈၂၇ ကျော်ရှိနေပြီဖြစ်ပြီး၊ သေဆုံးသူစုစုပေါင်း သိန်းပေါင်း ၁,၀၄၉,၈၁၀ ကျော် မြင့်တက်လျက်ရှိပါတယ်။ ဒီကပ်ရောဂါကိုရင်ဆိုင်နေရတာဟာ အခုချိန်ထိ လူသားတိုင်းအတွက် လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာကတော့ ယခုလက်ရှိမှာ ချမှတ်ထားတဲ့ ကျန်းမာရေး နဲ့အားကစားဝန်ကြီးဌာနရဲ့ တင်းကျပ်တဲ့ အိမ်မှာနေရေး (Stay At Home) အမိန့်ထုတ်ပြန်မှုကြောင့် စက်ရုံ အလုပ်ရုံတွေ ပိတ်ထားရပြီး၊ နိုင်ငံအတွင်းရှိ မတူညီတဲ့ဒေသအသီးသီးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအများစုမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသွားတာ (သို့) ကျဆင်းသွားတာမျိုး ကြုံတွေ့နေရပြီး များပြားလှတဲ့ဖိအားများစွာကို ရင်ဆိုင်နေကြရပါတယ်။

ဒီလိုတမူထူးခြားတဲ့ အနေအထားနဲ့ တွေ့ကြုံနေရခြင်းဟာ အနာဂတ်ကာလရဲ့ မသေချာ၊ မရေရာမှု များပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့မိသားစုတွေ၊ မိတ်ဆွေသူငယ်ချင်းတွေမှာလည်း အနည်းနဲ့အများဆိုသလို အကျိုးသက်ရောက်မှု ကိုယ်စီရှိကြပါတယ်။ နောက်နေ့မပြောနဲ့၊ နောက်တစ်နာရီမှာတောင် ဘာဖြစ်မယ် ဆိုတာ မသေချာ၊ မရေရာပါဘူး။ ခုချိန်မှာ ဒီကပ်ရောဂါဆိုးကြီး ကြီးထွားလာပေမယ့် ကိုယ့်မှာရှိတဲ့ ခွန်အားတွေကိုစုစည်းပြီး တွန်းလှန်နိုင်ရပါမယ်။ အနာဂတ်ကာလအတွက်လည်း ကြိုတင်ပြင်ဆင်ဖို့ ခေါင်းလောင်းထိုးအချက်ပေးလိုက်တာလည်း ဖြစ်ပါတယ်။ ဒါတွေဟာ အရင်တုန်းကလည်း ဖြစ်ခဲ့ဖူးသလို လူသားတွေ အနေနဲ့ ဒီမရေရာ၊ မသေချာမှုတွေကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ကြပါတယ်။

လူသားတစ်ယောက်အနေနဲ့ဆန္ဒရှိတာကတော့ ကိုယ့်ပတ်ဝန်းကျင်မှာ သေချာမှုတွေ၊ အသိတရားတွေနဲ့ပြီး ပြည့်စုံတဲ့အခြေအနေတွေပဲ ဝန်းရံစေချင်တာ ဖြစ်ပါတယ်။ အဲဒီစိတ်ခံစားမှုက ကိုယ့်ရဲ့ဘဝတွေကို ဘေးကင်းလုံခြုံစွာ ရှေ့ဆက်ဖို့အတွက် ယုံကြည်မှုကို ဖြစ်စေပါတယ်။ ကံအကြောင်းမလှစွာနဲ့ဘဲ မိမိတို့ဟာ လက်ရှိရောက်နေတဲ့အသက်အရွယ်မှာ မသေချာမှုတွေနဲ့ ကျင့်သားရအောင်၊ အလိုက်သင့်အလျားသင့်၊ နေထိုင်တတ်အောင် သင်ယူလေ့လာရပါမယ်။ ဒါကြောင့် ဒီအချက် ၁၀ချက်ကတော့ ဘဝရဲ့မသေချာမှုများနဲ့ အကောင်းဆုံး ဘယ်လိုညှိနှိုင်းပြီး နေထိုင်သွားကြရမယ်ဆိုတာကို သိရှိနိုင်ဖို့အတွက် ဆက်လေ့လာကြရ အောင်ပါ။

## မျှော်လင့်နေမယ့်အစား၊ ကြိုတင် အစီအစဉ်ဆွဲပါ

အကောင်း (သို့) အဆိုးအတွက် မျှော်လင့်ချက်ထားတယ်ဆိုတာ ကိုယ့်ရဲ့အနာဂတ်ကာလမှာ ထွက်ပေါ်လာမယ့် ရလဒ်တွေအတွက် ကြိုတင်ခန့်မှန်းတဲ့ နည်းလမ်းတစ်မျိုးပဲ ဖြစ်ပါတယ်။ အကောင်းတွေကိုပဲ မျှော်လင့်နေလျှင် မျှော်လင့်ချက်တွေ ဖြစ်မလာတဲ့အခါ စိတ်ပျက်စေပြီး၊ အဆိုးတွေကိုပဲ မျှော်လင့်မိတဲ့အခါမျိုးမှာတော့ လုပ်ချင်ကိုင်ချင်စိတ်ကို ပျက်ပြားအောင် အနှောင့်ယှက်ပေးတတ်ပါတယ်။ မသေချာတဲ့ အခြေအနေတစ်ခုမှာ မျှော်လင့်ချက်ထားတာဟာ မိမိရဲ့ ကိုယ်ရော၊ စိတ်ကိုပါ စိတ်ဖိစီးမှုတွေနဲ့ ပြည့်နှက်နေတဲ့ ပတ်ဝန်းကျင်မှာ နစ်မွန်းစေပါတယ်။ ဒါကြောင့် မျှော်လင့်ချက်တွေကို ဖန်တီးမယ့်အစား၊ ကိုယ်ပိုင်အစီအစဉ်တွေကို စတင်ဖန်တီးလိုက်ပါ။ ကြိုတင်စီမံကိန်းရေးဆွဲခြင်းဟာ လက်ရှိကာလမှာ အလုပ်နဲ့လက်မပြတ်ရလေအောင် လုပ်ပေးနိုင်ပါတယ်။ နောက်ပြီး ကြိုတင်စီမံကိန်း ရေးဆွဲခြင်းက လက်ရှိ ကိုယ်ထိန်းချုပ်လို့ရတဲ့အနေအထားတစ်ခုမှာ လုပ်ဆောင်လို့ရတဲ့ အရာတွေ ဖန်တီးပေးပြီးပါတယ်။ ဒါက လာမယ့် အနာဂတ်ကာလကို ထိန်းချုပ်ဖို့ ကြိုးပမ်းတာထက်လည်း ပိုပြီးလက်တွေ့ကျပါတယ်။

## ကိုယ့်ဘဝကို အသေးစိတ်စီစဉ်ပါ

မသေချာမှုတွေ ဖြစ်လာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးနေသလို ခံစားနေရပါတယ်။ ကိုယ်သွားချင်တဲ့ နေရာ ကိုရောက်ဖို့၊ အခုလက်ရှိကိုယ်ရောက်နေတဲ့နေရာ၊ သွားနေတဲ့ခရီးတို့ကို လေ့လာဆန်းစစ်ပြီး ကိုယ့် ဘဝကို အသေးစိတ်စီစဉ်ရပါမယ်။ဒါမှသာ ကိုယ်ဆက်သွားမယ့်လမ်းကြောင်းမှာ ဘာတွေက ဖြစ်နိုင်ချေရှိတယ်၊ ဘာတွေက အတားအဆီးဖြစ်နိုင်တယ်ဆိုတာကို သိသာထင်ရှားစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုယ်သွားမယ့်လမ်းကို အသေးစိတ်စီစဉ်ပြီးတဲ့အခါ ကိုယ်သွားရာလမ်းတစ်လျှောက် မမျှော်လင့်တဲ့အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့တယ်ဆိုလျှင်တောင် ဘာဆက်လုပ်ရမလဲဆိုတာကို တွေးနိုင်မှာဖြစ်ပါတယ်။ ဒါက ကိုယ့်ကိုယ်ကိုယ်ပျောက်ဆုံးနေသလို ခံစားရတာကို အထိရောက်ဆုံး ကာကွယ်နိုင်မယ့်နည်းပဲ ဖြစ်ပါတယ်။

## အမျိုးမျိုးသော အခြေအနေများကို လက်ခံပြီး၊ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ကိုယ့်အစွမ်း အစကို ယုံကြည်ပါ။

သင်ကိုယ်တိုင် ဒီအခြေနေကိုဖြတ်ကျော်နိုင်မယ်ဆိုတာ ရိုးရှင်းစွာနဲ့ သိထားပြီးဖြစ်ပါတယ်။ ဘဝမှာ ဘယ်လို အခက်အခဲတွေကြုံလာပါစေ ကျော်ဖြတ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာ ယုံကြည်မှုအပြည့် ရှိရပါမယ်။ ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းနိုင်မယ့်ကိစ္စများကိုသာ ဘုရားက ပေးသနားခဲ့တာဖြစ်တယ်လို့ တွေးပါ။ ဒီအတွေးအခေါ်ပုံစံကို အဆိုးထဲကနေ အကောင်းကိုတွေးခေါ်ခြင်းလို့ ခေါ်ဆိုကြပါတယ်။ မိမိကိုယ်ကိုယုံကြည်ချက်ရှိခြင်းဟာ သင့်ရဲ့နေ့စဉ်နိစ္စဓူဝ မောပန်းနွမ်းနယ်မှုကို လျှော့ချနိုင်မယ်ဆိုတာ သိထားပြီးဖြစ်ပါတယ်။

## သင်ထိန်းချုပ်နိုင်သည့်အရာများပေါ်တွင် အာရုံစိုက်ထားပါ။

အခုအချိန်ကာလမှာ ကိုယ်ထိန်းချုပ်လို့မရတဲ့ ကိစ္စတွေ အများကြီး ရှိနေတယ်ဆိုပေမယ့်လည်း ကိုယ်ထိန်းချုပ်လို့ ရတဲ့အရာတွေလည်း အများကြီး ရှိနေပါသေးတယ်။ ဒါကြောင့် အခုလို အချိန်မှာ ရေတိုလုပ်လို့ အဆင်ပြေနိုင်တဲ့ ကိစ္စတွေအပေါ်မှာပဲ အာရုံစိုက်သင့်နေပါတယ်။ ဥပမာ- ကိုယ်နဲ့မရင်းနှီးသေးတဲ့သင်ကြားမှုအသစ်တစ်ခုကို သင်ယူတာမျိုး၊ ဝါသနာပါရာတခုခုကို လုပ်နေတာမျိုး၊ အိမ်ပတ်ဝန်းကျင်မှာ ကိုယ့်လက်ကိုယ့်ခြေနဲ့လုပ်လို့ရတဲ့ အလုပ်မျိုးကို အာရုံစူးစိုက်လုပ်ကိုင်ပြီးတော့ မိမိရဲ့ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်လိုက်ပါ။ ဒီလိုမျိုး အလုပ်လေးတွေကို အာရုံစူးစိုက်စွာ လုပ်ဆောင်နေတာက ကိုယ်မမျှော်လင့်ထားတဲ့ နေရာတွေမှာပါ တိုးတက်မှုတွေ ဖြစ်ပေါ်စေပါလိမ့်မယ်။

## သင့်ရဲ့စိတ်ခံစားမှုများကို စူးစမ်းလေ့လာပါ

တစ်ခါတစ်ရံမှာ မိမိတို့ဟာ အခုလက်ရှိ အခြေအနေများကြောင့် စိတ်ဓာတ်ကျနေရတာမဟုတ်ဘဲ မသေချာတဲ့အခြေအနေတွေကို လိုက်ခံစားနေရတာကြောင့် စိတ်ဓာတ်ကျပြီး လမ်းပျောက်နေသလို ဖြစ်တတ်ပါတယ်။ လမ်းပျောက်သလို ခံစားရတဲ့အခါ သင်ကိုယ်တိုင်ခန့်မှန်းမိတာက ကိုယ်အရင် ရှာဖွေသိမှီး ခဲ့တဲ့ အတွေးခေါ်များဟာ များသောအားဖြင့် မကောင်းတဲ့ အတွေးအခေါ်များပဲ ဖြစ်နေတတ်ကြပါတယ်။ ဒါတွေဟာ သင့်ကိုလောင်မြိုက်နေတဲ့ ဒီအဆုံးအစမရှိတဲ့ ဝဲဂ်ပါထဲမှာ အကောင်းဘက်အမြင်နဲ့ အဆိုးဘက်အမြင်တို့ကို နေ့ပေါင်းများစွာ၊ ရက်သတ္တပတ်ပေါင်းများစွာ ဖြစ်ပေါ်ခံစားစေတဲ့ စိတ်ခံစားချက် မျိုးကို ဖြစ်စေပါတယ်။ ဒီလိုဖြစ်နေမယ့်အစား သင့်ရဲ့အတွေးအခေါ်များနဲ့ စိတ်ခံစားမှုများကို နီးကြားနေစေဖို့ သင်ယူရပါမယ်။ ကိုယ့်လက်ထဲက လွတ်မထွက်သွားခင်မှာ ဒီခံစားချက်များကို ဖမ်းယူဆုပ်ကိုင်ပြီး၊ မှတ်မိစေဖို့ လေ့လာသင်ယူလိုက်ပါ။ ကိုယ့်ကိုယ်ကို အတွေးလွန်နေတယ်လို့ ထင်မိတဲ့အခါ၊ ပထမဆုံး လုပ်ဆောင် ခဲ့တဲ့ အချက်တစ်ချို့ကို ပြန်သွားကြည့်ပြီး၊ တစ်စုံတစ်ခု လုပ်တော့မယ်ဆိုရင် ကြိုတင်စီစဉ်ပါ၊ ကိုယ့်ဘဝကို အသေးစိတ် ပြန်လည်ကြည့်ရှုပါ။ ဖြစ်နိုင်ခြေရှိမှုများကို ပြန်လည်တွေးတောပါ။

## ဖြစ်နိုင်ခြေအမျိုးမျိုးအတွက် ကိုယ့်ဘာသာကြိုတင်ပြင်ဆင်ပါ

မသေချာမှုတွေနဲ့ပတ်သတ်လို့ ပြောဆိုခဲ့ပြီးဖြစ်သလို မသေချာမှုတွေက မျှော်လင့်ထားတဲ့ ရလဒ်တွေကို ဘယ်လိုဘယ်ပုံ အကျိုးသက်ရောက်မှုရှိစေတယ်ဆိုတာလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ မသေချာမှုတွေရဲ့ ငွေမှင်ရောင် အနားသတ်လိုင်းတွေက တွေးထင်မထားတဲ့အရာတွေနဲ့ အံ့သြစရာကောင်းလှအောင် ကောင်းမွန်တဲ့ ဖြစ်နိုင်ခြေတွေကို ဖန်တီးပေးပါတယ်။ မသေချာတဲ့ အနေအထားတွေကို ကြိုးစားထိန်းချုပ်နေမယ့်အစား၊ ၎င်းတို့အထဲကနေပေါ်ထွက်လာမယ့် ဖြစ်နိုင်ခြေတွေကို ရှာဖွေလိုက်ပါ။ မတူညီကွဲပြားပြီး မျှော်လင့်မထားသော အခွင့်အလမ်းများအတွက် မိမိကိုယ်ကို အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ထားပါ။ အခွင့်အလမ်းနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆုံဖက်ကြတဲ့အခါ ကံကောင်းမှုကို ဖြစ်စေပါလိမ့်မယ်။

## စွန့်စားပါ။ စွန့်စားမှုကို မိမိအတွက် အားသာချက်အဖြစ် ပြောင်းလဲပစ်ပါ။

မသေမချာမရေမရာ ဖြတ်သန်းရှင်သန်နေရတဲ့ ကာလအတွင်းမှာ စွန့်စားရတဲ့ အရာများစွာရှိပါတယ်။ ဘာပဲကြိုတင်စီစဉ်ထားထား၊ စွန့်စားမှုဆိုတာကတော့ ရှိစမြဲပါဘဲ။ ဒါကိုရှောင်လွှဲဖယ်ရှားပစ်ဖို့ ကြိုးစားမယ့်အစား လက်ခံလိုက်တာက ဒီစွန့်စားမှုတွေကို ပိုမိုကျိုးကြောင်းဆီလျော်စွာ စီမံနိုင်ဖို့ ကူညီပါလိမ့်မယ်။ ဒီလိုမျိုး စွန့်စားမှုတွေ လုပ်တယ်ဆိုတာက မမြင်ရတဲ့ စိန်ခေါ်မှုတွေကြားမှာ ကိုယ့်ကိုယ်ကိုယ် မောင်းနှင်နိုင်ဖို့နဲ့ ကိုယ့်ရဲ့ပင်ကိုယ်စွမ်းရည်တွေ ပိုပြီးထက်မြက်လာစေဖို့ အခွင့်အရေးပေးတယ်လို့ မှတ်ယူထားပါ။ ဒီစွန့်စားမှုတွေက ကိုယ့်ရဲ့စိတ်ပိုင်းဆိုင်ရာခံစားမှုတွေကို ဘယ်လိုဘယ်ပုံ စီမံခန့်ခွဲမယ်ဆိုတာ သင်ကြားပေးပြီး လမ်းညွှန်ပြသပေးပါလိမ့်မယ်။

## ပရမ်းပတာဖြစ်ခြင်းကို လက်ခံပါ။

မသေချာမရေရာမှုတွေက ပရမ်းပတာဖြစ်ခြင်းကိုဖန်တီးပါတယ်။ မိမိတို့ရဲ့ဘဝမှာ ဒီလိုမျိုး ပရမ်းပတာ ဖြစ်ခြင်းမျိုးတွေကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ ကိစ္စတွေက ပုံစံပေါင်းစုံ နည်းလမ်းပေါင်းစုံနဲ့ မှားယွင်းတဲ့ဘက်ကို ဦးတည်သွားနိုင်ပါတယ်။ ဒါဟာ ကူးစက်ရောဂါတွေ ဖြစ်နေခြင်း မဖြစ်နေခြင်းနဲ့ မဆိုင်ပါဘူး။ ဒါက ဘဝပဲဖြစ်ပါတယ်။ ပရမ်းပတာဖြစ်နိုင်ခြေတွေကို မျှော်လင့်ထားခြင်းက ဘယ်လိုရလဒ်မျိုးကိုမဆို ကြုံတွေ့ခဲ့ရင်တောင် စိတ်ရှင်းရှင်းနဲ့ ရင်ဆိုင်နိုင်မှာပါ။ အကယ်၍ လုံးဝဥဿုံ ကျရှုံးခဲ့တယ်ဆိုလျှင်တောင်မှပေါ့။ စိတ်တံခါးကိုသာ ဖွင့်ထားမယ်ဆိုလျှင် ဘယ်လိုအဆိုးဆုံး အခြေနေမျိုးမှာပဲ ဖြစ်ဖြစ် အကောင်းတွေကို ရှာတွေ့နိုင်ပါလိမ့်မယ်။ ဒါကြောင့်ပရမ်းပတာဖြစ်ခြင်းကို ကြောက်စရာလို့ မှတ်ယူမယ့်အစား သူ့ဆီက ဖြစ်နိုင်ခြေတွေကို အမိအရ ဖမ်းဆုပ်ပါ။ ရုပ်ပိုင်းဆိုင်ရာပြင်ဆင်မှုက အဓိကကျတယ်ဆိုပေမယ့် စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုတွေကမှ ရှင်သန်ရပ်တည်ဖို့ အမှန်တကယ် စွမ်းဆောင်နိုင်တဲ့အရာပဲ ဖြစ်ပါတယ်။ ဘဝဆိုတာဟာ လှပတဲ့ပရမ်းပတာ တစ်ခုဖြစ်တယ်ဆိုတာကို အမြဲသတိရလိုက်ပါ။

## ကိုယ်ပျော်ရွှင်ဖို့ ကိုယ်တိုင်ဖန်တီးပါ

မသေချာ၊ မရေရာတဲ့အခြေအနေမျိုးကို ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ၊ နောက်ဆုံးကတော့ သည်းခံစောင့်ဆိုင်း ဖို့ပဲကျန်ပါတယ်။ အထူးသဖြင့် ဘယ်လောက်ကြာအောင် စောင့်ရမလဲ မသိတဲ့အချိန်မှာ စောင့်ဆိုင်းရတဲ့ အလုပ်က လူတွေအတွက် နာကျင်ခံစားရဆုံးပါပဲ။ ဒါကြောင့် စောင့်ဆိုင်းရတဲ့နာကျင်မှုကို သက်သာစေဖို့ ကိုယ့်ကို ပျော်ရွှင်စေမယ့် လှုပ်ရှားမှုလေးတစ်ခုခုနဲ့ စတင်လိုက်ပါ။ ပျင်းရိ၊ ထိုင်းမှိုင်းနေတာတွေကို ရပ်လိုက်ပြီး ကိုယ်နှစ်သက်ရာ စာအုပ်များကိုဖတ်ပါ၊ ဟင်းချက်နည်းအသစ်များကို လေ့လာပါ၊ ရက်ပေါင်းသုံးဆယ်အတွင်း ဝမ်းဗိုက်အဆီကျဖို့စိန်ခေါ်မှုတစ်ခုကို ကြိုးစားကြည့်ပါ၊ ဖုန်တက်နေတဲ့ Ukulele ကို ပြန်ထုတ်ပြီး၊ ပြန်လည်စတင်တီးခတ်ကြည့်ပါ၊ ဆေးရောင်ခြယ်ခြင်း၊ ကခုန်ခြင်း၊ ချက်ပြုတ်ခြင်း (သို့) အချစ်ရေး၊ အိမ်ထောင်ရေး ကိုးရီးယားဇာတ်လမ်းတွဲများကို နေ့စဉ်စောင့်ကြည့်ခြင်း စတဲ့အရာတွေကိုလည်း လုပ်ဆောင်နိုင်ပါတယ်။ အခြားဘာမှ လုပ်စရာမရှိတော့ရင်လည်း သည်းခံစောင့်ဆိုင်းလိုက်ပါ။ ဒီအချိန်မှာ ဘာမှမလုပ်နိုင်သေးရင်လည်း ကိုယ့်ကိုယ်ကို အပြစ်ရှိတယ်လို့မခံစားဘဲ ဒါကို အခွင့်ကောင်းအဖြစ် မှတ်ယူပြီး၊ ကိုယ့်ကိုယ်ကို ပျော်ရွှင်အောင်လုပ်ဖို့ အာရုံစိုက်ပါ။

## အံ့သြစရာအသစ်အဆန်းများ ပေါ်ပေါက်လာမယ်ဆိုတာ လက်ခံလိုက်ပါ

အံ့သြစရာအသစ်အဆန်းများ ပေါ်ပေါက်လာမယ်ဆိုတာကို မြန်မြန်လက်ခံနိုင်လေလေ၊ အဲဒါတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ပိုမိုကောင်းမွန်အောင် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်လေလေပါ။ အံ့သြစရာအသစ်အဆန်းဆိုတာ အနာဂတ်ကာလရဲ့ တစ်ခုတည်းသော မပြောင်းလဲတဲ့ သေချာမှုပဲဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ဆီကို ဘယ်လို ဘဝအတွေ့ကြုံတွေ ရိုက်ခတ်ပါစေ၊ အံ့အားသင့်စရာ အသစ်အဆန်းများနဲ့ ကြုံလာနိုင်တယ်ဆိုတာ သိထားပါ။ အဲဒီအတွေ့အကြုံသစ်ကို လုပ်ဆောင်ဖို့အတွက် အသင့်ပြင်ထားလိုက်ပါ၊ ရယူလိုက်ပါ။ ကိုယ့်ရဲ့ဘဝကို ဝတ္ထုတစ်ပုဒ်လို ပြန်ပြောတဲ့အခါ၊ အံ့သြစရာမရှိရင် ဖတ်စရာကောင်းမယ် မထင်ပါဘူး။ ဒါကြောင့် အဲဒီအံ့သြစရာ၊ အသစ်အဆန်းများ ပေါ်ပေါက်လာမယ်ဆိုရင်တော့ ပွေ့ဖက်ထားလိုက်ပါ။

နိဂုံးချုပ်အနေနဲ့ကတော့ ဘဝမှာ ကမ္ဘာ့အနှံ့မှာဖြစ်နေတဲ့ ကပ်ရောဂါကြီးနဲ့ တွေ့ကြုံရသည်ဖြစ်စေ၊ မတွေ့ကြုံရသည်ဖြစ်စေ မသေချာ၊ မရေရာမှုများနဲ့ ပြည့်နက်နေပါတယ်။ မသေချာမှုများဟာလည်း တကယ့်တော့ အမှန်တရားပဲဖြစ်ပါတယ်။ ဒီဆောင်းပါထဲမှာ ပါဝင်တဲ့အချက်တွေကတော့ မသေချာတဲ့လက်တွေ့ဘဝမှာ အပြုသဘောဆောင်သူအဖြစ်နေထိုင်နိုင်ဖို့ နည်းပေးလမ်းပြထားခြင်းဖြစ်ပါတယ်။ လူသားအားလုံးအတူတူ ဒီကပ်ဆိုးကြီးကို အတူတကွ သန်သန်မာမာနဲ့ ဖြတ်ကျော်ကြစို့လား။ ဘေးရန်ကင်းစွာနဲ့ အပြုသဘောဆောင်သူအဖြစ် နေထိုင်ကြဖို့ လူတိုင်းကိုအသိပေးတိုက်တွန်းရင်းနဲ့ နှုတ်ဆက်လိုက်ပါတယ်။




CREDIT: https://greatperformersacademy.com/interesting/10-powerful-tips-on-how-to-deal-with-uncertainty-in-your-life?fbclid=IwAR3P6bXI3_agUmuOf4J77EJ1weNnW8YNtG5ymjc9fLG4F6HSlt0oHNdFbM0

# PROPERTIES OF THE MONTH

## CITY LOFT အိမ်ခန်းများနှင့် မိတ်ဆက်ခြင်း




City Loft ဆိုတာကတော့ ကိုယ်ပိုင်ဝင်ငွေနဲ့ ပထမဦးဆုံး အိမ်ဝယ် ချင်နေတဲ့ လူငယ်လူရွယ်တွေအတွက် ရည်စူးထားတဲ့ မြို့ပြရဲ့ အငွေ့အသက်တွေ ပြည့်နှက်နေတဲ့ ခေတ်သစ် အိမ်ရာစီမံကိန်း တစ်ခုပဲ ဖြစ်ပါတယ်။ City Loft စီမံကိန်းကို မြေ ၁၄ ဧကပေါ်မှာ ဖွံ့ဖြိုးဆောင်ရွက်ထားတာဖြစ်ပြီး စုစုပေါင်း Tower (၁၁) လုံး တည်ဆောက်သွားမှာဖြစ်ပါတယ်။

City Loft အိမ်ရာစီမံကိန်း ပေါ်ပေါက်လာခြင်းက ကြယ်စင်မြို့တော် အိမ်ရာအတွက် အားသစ်အင်သစ် တွေ ယူဆောင်ပေးလာတယ် ဆိုလည်း မမှားပါဘူး။ City Loft အိမ်ရာစီမံကိန်းနဲ့အတူ အသစ် သစ်သော ဝန်ဆောင်မှုတွေဖြစ်တဲ့ စူပါမားကတ်၊ အသား၊ ငါးနဲ့ သစ်သီးဝလံတွေကို လတ်လတ်ဆတ်ဆတ်ဝယ်ယူနိုင်မယ့် ဈေးရုံ အသစ်ကြီးနဲ့ ကားမှတ်တိုင်အသစ်ကြီးက လက်ရှိ ကြယ်စင်မြို့ တော်အိမ်ရာမှာ နေနေကြတဲ့ လူကြီးမင်းတို့အတွက် ပိုမိုသာယာ အဆင်ပြေတဲ့ အတွေ့အကြုံတွေကို သယ်ဆောင် လာမှာပါ။ City Loft အိမ်ရာစီမံကိန်းမှာဆိုရင် တစ်ယောက်တည်းသီးသန့် နေချင်သူတွေ အတွက် Studio Room Type ကနေစလို့ မိသားစုသိုက်သိုက်ဝန်းဝန်းနေလို့ရတဲ့ Three Bedroom Type အထိ ကိုယ်နဲ့ကိုက်ညီတဲ့ အခန်းအမျိုး အစားကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပြီး အခန်းဈေးနှုန်းတွေကလည်း သိန်း ၅၀၀ ဝန်းကျင်ကစပြီး သိန်း ၁၆၀၀ ဝန်းကျင်အထိ အလွှာနဲ့တာဝါအပေါ် မူတည်ပြီး အစားစား ရှိပါတယ်။ဒါ့အပြင် ကြယ်စင်အိမ်ရာဝင်းအတွင်းနေလူကြီးမင်းတို့က နီးစပ်ရာသူငယ်ချင်းတွေကို City Loft အိမ်ခန်းတွေဝယ်ယူဖြစ်အောင် ညွှန်ပေးတယ် ဆိုရင်တော့ Referral Fee 1% ကိုရရှိမှာဖြစ်တဲ့အတွက် သာယာလှပပြီးပြည့်စုံတဲ့ ကြယ်စင်အိမ်ရာဝင်းအတွင်း ချစ်ခင်ရတဲ့သူငယ်ချင်းတွေနဲ့ အိမ်နီးချင်းဖြစ်ပြီး အတူတူပျော်ရွှင်တဲ့နေ့ရက်တွေဖန်တီးကြဖို့ အခုပဲဖိတ်ခေါ်လိုက်ကြရအောင်နော်။

City Loft အိမ်ရာအကြောင်း အသေးစိတ်ကို
cityloftsales@yomaland.com (သို့)
၀၉ ၇၇၇ ၂၂၃၃၅၅၊ ၀၉ ၇၇၇ ၂၂၃၃၆၆၊ ၀၉ ၇၇၇ ၂၂၃၃၇၇ တို့ကိုဆက်သွယ် မေးမြန်းနိုင်ပါတယ်။





# PROPERTIES OF THE MONTH
# CITY LOFT အိမ်ရာတွင် ရောင်းရန်ရှိသော လူနေတိုက်ခန်းများ

City Loft အိမ်ရာစီမံကိန်းဟာ ခေတ်မီတဲ့မြို့ပြအိမ်ရာစီမံကိန်းတစ်ခုဖြစ်ပြီး ရန်ကုန်မြို့မှာရှိတဲ့ လူငယ်လူရွယ်တို့ရဲ့ ကိုယ်ပိုင်အိမ်နှင့်နေထိုင်လိုတဲ့ ဆန္ဒကိုဖြည့်ဆည်းပေးနိုင်ဖို့ ရည်ရွယ်ထားတဲ့ အိမ်ရာစီမံကိန်း တစ်ခုပဲဖြစ်ပါတယ်။ City Loft အိမ်ရာမှာ အဆောက်အဦးပေါင်း ၁၁ လုံး ပါရှိမှာဖြစ်ပြီး စုစုပေါင်းမြေအကျယ် ၁၄ ဧကပေါ်မှာ ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။

ခေတ်မီမြို့ပြအိမ်ရာဖြစ်တဲ့ City Loft ကို ဖော်ဆောင်နိုင်ခဲ့တာက Star City အိမ်ရာဝင်းအတွက် အားသစ်အင်သစ်လောင်းလိုက်သလိုပါပဲ။ City Loft စီမံကိန်းမှာ ခေတ်မီအသားငါးဈေးနဲ့ အများပြည်သူသုံးဘတ်စ်ကားမှတ်တိုင်များလည်း ပါဝင်မှာဖြစ်တာကြောင့် အိမ်ရာဝင်းအတွင်း နေထိုင်သူများအနေနဲ့ အရင်ကထက်ပိုမိုအဆင်ပြေတဲ့ နေထိုင်မှုပုံစံကိုလည်း ခံစားရမှာ ဖြစ်ပါတယ်။ City Loft အိမ်ရာစီမံကိန်းမှာ Entry Studio လို့ခေါ်တဲ့ တစ်ယောက်အခန်းကစလို့ မိသားစုအလိုက်နေထိုင်နိုင်တဲ့ အိပ်ခန်း ၃ ခန်းပါ အခန်းများအထိရှိပါတယ်။ ဈေးနှုန်းတွေကလည်း ကျပ်သိန်းငါးရာကနေ ကျပ်သိန်းတစ်ထောင့်ခြောက်ရာဝန်းကျင်အထိ အစားစားရှိတာပဲ ဖြစ်ပါတယ်။

ဘေးကင်းလုံခြုံတဲ့ဝန်းကျင်မှာ အိမ်နီးချင်းကောင်းတွေနဲ့အတူ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေထိုင်ဖို့ အိမ်ခန်းတစ်ခန်း ရှာဖွေနေပါသလား။ ဒါဆိုရင်တော့ City Loft အိမ်ရာမှာရှိတဲ့ အရေအတွက် အကန့်အသတ်နဲ့သာ ဝယ်ယူပိုင်ဆိုင်နိုင်မယ့် အိပ်ခန်း ၃ ခန်းပါ တိုက်ခန်းနဲ့ မိတ်ဆက်ပေးပါရစေ။ ၎င်းအခန်းကတော့ ၁၄၂၀ စတုရန်းပေ ကျယ်ဝန်းပြီး မိသားစုဝင် ၄၊ ၅ ယောက်အတွက်တော့ အထူးသင့်လျော်ပါတယ်။




ပိုမိုပြည့်စုံတဲ့ အခန်းအနေထား၊ ဈေးနှုန်းနဲ့ ငွေပေးချေမှုပုံစံတွေကို အသေးစိတ်သိချင်တယ်ဆိုလျှင်တော့ ကျွန်မတို့ရဲ့ ကျွမ်းကျင်ဖော်ရွေတဲ့ အရောင်းကိုယ်စားလှယ်တွေက ရှင်းပြပေးဖို့ အဆင်သင့်ရှိနေပါပြီ။

ဒါကြောင့် ယခုပဲ ဆက်သွယ် စုံစမ်းလိုက်ပါတော့…

**Contact us NOW at**
**09 777 223355 – 77**
**cityloftsales@yomaland.com**
**#CityLoft #Whereitallbegins #YomaLand**







## DULWICH COLLEGE
| YANGON |

Dulwich College Yangon is delighted to announce that a further round of applications for our prestigious scholarship programme is now open to external candidates for the 20/21 academic year.

**A limited number of scholarships are available, so please apply early.**

For further information, contact our Admissions team at admissions@dulwich-yangon.com.mm or 09 409607479

feel delight

**Call Now!**
**09401728278**



Thai Fried Chicken Wings - 5,000 MMK

Thai Lime & Garlic Steamed Fish - 11,500 MMK

Pad Thai - 4,500 MMK

A2 Building, Ground Floor, Next to Yoma Bank

MEDiCARE
love your life
Health & Beauty Store
Star City Housing,
Building A3(Coner Unit)
Thanlyin.

MEDiCARE
Star City
STORE
OPENING
17.10.2020

SPECIAL PROMOTION
UP TO 50% OFF



MEDiCARE

## Ask your Pharmacist
if you have questions with medicine



- All stores have B.Pharm Graduated Pharmacists
- Currently employ 380 colleagues including 97 pharmacists
- We are the largest employer of retail pharmacists in Myanmar !

## SPORT'S DAY PROMOTION

STAR CITY LINKS Yangon



**30% DISCOUNT**

MONDAY, TUESDAY & THURSDAY

**Valid from 1st August to 31st October 2020**

Excluding public holidays | Discount applies to the green fee only

Star City Links Golf Course & Driving Range, Kyaik Khauk Pagoda Road, Thanlyin Township.
Phone: 056-23150 Ext: 1241 Mobile: 09 42385 1101 Email: starcitylinksinfo@yomaland.com

## Advertising

STAR CITY LINKS YANGON

SPACE AVAILABLE!



Star City Links Golf Course & Driving Range is growing with great popularity and others prime advertising locations visible to our hundreds of guests.
Your company will also be opposite our newly open Golf Sports Bar, "At The 10th".
Limited spaces remain so call us today to advertise your product.

| ADVERTISING DETAILS | ADVERTISING PACKAGE |
|---|---|
| Size: 8'(W) x 3'(H)<br>US$ 120 - Driving Range Location<br>US$ 70 - Golf Course Location | 12 Months |

**TERMS & CONDITIONS**

- All ad designs must be in-line with Myanmar Culture
- Payment by cash or bank transfer
- Above rates exclude UV Vinyl Printing, frame and installation charges
- Must Provide High-Resolution design
- Inclusive of 5% commercial tax

FOR MORE INFORMATION
Kyaik Khauk Pagoda Road, Thanlyin Township.
Tel: 056-23150~3, Ext: 1241
Mob: 09 423851101
Email: starcitylinksinfo@yomaland.com
www.starcityyangon.com

STARCITY

## CiTY LOFT

### CITY LOFT HOME IMPROVEMENT
# ONLINE EXHIBITION

အခုတစ်ခါမှာတော့ အောက်တိုဘာ ၁ရက်နေ့မှ ၃၁ရက်နေ့အထိ City Loft အိမ်ခန်းပိုင်ရှင်များအတွက် City Loft Home Improvement Online Exhibition ပွဲကို စီစဉ်ပေးသွားမည် ဖြစ်ပါတယ်။ ဒီပြပွဲမှာတော့ City Loft အိမ်ခန်းပိုင်ရှင်များအနေဖြင့် အိမ်ခန်းလွှဲပြောင်းရယူစဉ်က တစ်ပါတည်းလက်ခံရရှိခဲ့သော Discount ကူပွန်အားအသုံးပြုခြင်းဖြင့် အထူးလျော့ဈေးများကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။

အကယ်၍ Discount ကူပွန်အား အိမ်ခန်းလွှဲပြောင်းရယူစဉ်က ရရှိခဲ့ခြင်းမရှိလျှင် သက်ဆိုင်ရာ City Loft အိမ်ရာထိန်းသိမ်း စောင့်ရှောက်ရေးရုံးသို့ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

ယခုပွဲတွင် ပါဝင်သော ကုမ္ပဏီ ၁၅ ခုအနက်မှ လူကြိုက်များမင်းတို့လိုအပ်ချက်များအတိုင်း ဖြည့်ဆည်းပံ့ပိုးပေးနိုင်မယ့်ကုမ္ပဏီတစ်ခုအား Stay At Home ကာလအတွင်း အိမ်မှာနေရင်း ရွေးချယ်ပြီး အထူး promotion များအား ရယူလိုက်ပါ...

ROYAL CURTAIN · ROYAL PEACE · THE LIVING COLLECTION · Slumberland · GoldenHome · beko · ACCESS 24 · Daily Flowers · Tasaki · Tun Htoo San · TEKA · Z&H · PARAMI · Royal Peace · LOVE NEST · The Myaniture · Honour Friend Interior Decoration

STARCITY

# လူထုအသိပေးချက်များ




STARCITY METRO

ORGANIZED BY

## STARCITY FRESH MARKET

9th & 16th OCTOBER, 2020 (FRI)
3:00 PM – 5:00 PM | A3 CAR PARKING
(FACING TO GALAXY TOWERS)

*Star City Leasing Team would like to wish you a very happy birthday and our warmest wishes for a wonderful year of good health happiness and success*

## Happy Birthday To October Born

Mr Liu Chi Tim
Mr Loh Wai Choong
Mr Neil David Johannes
Miss Mancelina Frederik




STARRESIDENCE

STARCITY

## STOP FEEDING STRAY ANIMALS

- We would like to request our resident NOT to feed the animals (stray dogs, cats, birds etc...) with fresh eatables or left over food.
- We understand our residents have kind heart to animals, but environment hygienic is equally important.





STARCITY

## EMERGENCY HOTLINE (24/7)

## 09 765 444 638

Effective On 1st September, 2020.

## F & B OUTLETS FOOD DELIVERY SERVICES

STARCITY

| | | |
|---|---|---|
| Gloria Jean's Coffee<br>09 403 533 952<br>(8:00 AM - 8:00 PM) | Feel Delight Restaurant<br>09 401 728 278<br>(7:00 AM - 9:00 PM) | At the 10th Restaurant & Bar<br>09 977 233 690<br>(7:00 AM - 9:00 PM) |
| Corriander Leaf Indian Restaurant<br>09 969 684 513<br>(11:00 AM - 10:30 PM) | Ren Hot Pot Japanese Restaurant<br>Myanmar, English - 09 261 957 711<br>Japanese - 09 750 142 723<br>(11:00 AM - 10:00 PM) | Homeslice Pizza Myanmar<br>09 977 233 690<br>(10:00 AM to 9:00 PM) |
| Stars Tea House Chinese Restaurant<br>09 429 118 458<br>(9:00 AM to 9:00 PM) | YKKO Star City<br>09-977 118 776/777<br>(10:00 AM to 8:00 PM) | Palm Wine Bar and Restaurant<br>09-259 883 865<br>(11:00 AM to 10:00 PM) |

** STAR CITY RESIDENTS ONLY **

STAY AT HOME
Stay safe. Save lives.

# အိမ်ရာမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံခြင်း

ယခုလမှာတော့ StarCity ရဲ့ Housekeeping Manager မအိကလျာကျော်အကြောင်း ဝမ်းမြောက်စွာနဲ့ မိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ သူမကတော့ StarCity တွင် အလုပ်ဝင်ရောက်ခဲ့တာ ၁ နှစ်နီးပါးရှိပါပြီ။ အရှေ့အလယ်ပိုင်းနိုင်ငံများ (Middle East) ရဲ့ ကမ္ဘာကျော်နာမည်ကြီး Int’l Hotels များတွင် (၇) နှစ်ကျော် လုပ်ကိုင်ခဲ့ပြီး၊ Novotel Max Hotel Yangon တွင် Floor Manager အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ မအိကလျာဟာ များစွာသော ပြည်ပအတွေ့အကြုံများ၊ လုပ်ငန်းအတွေ့အကြုံများစွာနဲ့အတူ Star City ရဲ့ Housekeeping Department တွင် တာဝန်ထမ်းဆောင်ရန် ဝင်ရောက်ခဲ့ပါတယ်။

အဓိကအားဖြင့် Housekeeping ဌာနရဲ့လုပ်ငန်းများ ပိုမိုလွယ်ကူ အဆင်ပြေချောမွေ့စေရန်၊ customers များကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်စေရန်အတွက် ကြိုတင်အစီအစဉ်များရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ Housekeeping Team ကို ကောင်းမွန်စွာ ကြီးကြပ်ပြီး သူမ၏ နိုင်ငံတကာ အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ တာဝန်ထမ်းဆောင်နေသူ တစ်ဦးလည်း ဖြစ်ပါတယ်။ Housekeeping Team ၏ အလုပ်ကြိုးစားလုပ်ကိုင်မှုကြောင့် Star City သည် ၁၂ နှစ်တာကာလအတွေ့ကြုံရှိခဲ့သော သူမရဲ့ကောင်းမွန်သော အရည်အသွေးများကို အကောင်းဆုံးအသုံးပြုပြီး လုပ်ငန်းလည်ပတ်နိုင်ခဲ့ပါတယ်။ အိမ်ရာဝင်းထဲမှာရှိတဲ့ အိမ်တိုင်ရာရောက် အိမ်ခန်းများအတွက် သန့်ရှင်းရေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုလည်း မအိကလျာကျော် ကိုယ်တိုင် စီမံခန့်ခွဲလုပ်ကိုင်လျက် ရှိပါတယ်။

မအိကလျာရဲ့ လမ်းညွှန်မှုများဖြင့် Housekeeping Team သည် ယခုလို Covid lockdown အချိန်များမှာလည်း အိမ်ရာရဲ့ ဝန်ဆောင်မှုများအတွက် ဆက်လက်တာဝန်ထမ်းဆောင်လျက် ရှိနေပါတယ်။ သူမနှင့်အတူ အဖွဲ့သား အားလုံးကလည်း အခုလိုကပ်ရောဂါကာလအတွင်းမှာ အလွန်အရေးကြီးသည့် အိမ်ရာဝင်းအတွင်း ရောဂါကာကွယ်ရန် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အထွေထွေ သန့်ရှင်းစင်ကြယ်မှုရှိရေးတို့အတွက်၊ ဖိအားကြီးစွာဖြင့် အိမ်ရာအပေါ် မှာရော၊ အိမ်ရာဝင်းအတွင်းနေထိုင်သူများအတွက်ပါ တာဝန်ကျေပွန်စွာ လုပ်ဆောင်ပေးလျက်ရှိနေတာဟာ တကယ့်ကိုအံ့သြစရာပဲ ဖြစ်ပါတယ်။



အိမ်ရာအုပ်ချုပ်သူများအနေဖြင့်လည်း ယခုလိုမအိကလျာရဲ့ အလုပ်အပေါ် တာဝန်သိတတ်မှု၊ တာဝန်ကျေပွန်မှုတို့ နှင့်အတူ StarCity အိမ်ရာဝင်းတခုလုံးကို ကောင်းမွန်စွာထိန်းသိမ်းခဲ့ခြင်းများကို အသိအမှတ်ပြုခြင်းအားဖြင့် ယခုလအတွက် ဂုဏ်ပြုဖော်ပြပေးလိုက်ပါတယ်။ အကယ်၍များ တစ်နေရာရာမှာ မအိကလျာကျော်နဲ့ တွေ့ဆုံခဲ့လျှင်လည်း အသိအမှတ်ပြု စကားလေးတွေ ပြောပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

# ကြယ်စင်မြို့တော်အိမ်ရာ အုပ်ချုပ်သူများမှ ဝန်ထမ်းမိသားစုများအတွက် အခြေခံစားသောက်ကုန်များလှူဒါန်းခြင်း











TED ရဲ့ အုပ်ချုပ်ရေး တာဝန်ရှိသူများအနေနဲ့ အခုလို COVID-19 Stay Home ကာလမှာ ဝန်ထမ်းမိသားစုတွေအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စားစရာတွေကို လှူဒါန်းပေးခဲ့ပါတယ်။

#StarCityOurHome #westandtogether #staystrong

# River Park ရဲ့ လှပတဲ့ ရှုခင်းမြင်ကွင်း အလှတတ်ပုံများ




River Park



River Park

#StarCityOurHome



Ye Ag (Building-B4)



Mike Leonard (Building-B1)



Pyae Bhone De (Building B1)




Htoowaiyan Mintun (Building-B2)



Aye Aye Aung (Building B-4)



Thu Thu Wint Zaw (Building-A3)



Myo Sint (Building-B5)



Mike Leonard (Building-B1)



Sanghyeon Lee (Building-A1)



Su Mon (Building-B2)



Brian D (Building-B4)

*River Park* ဓာတ်ပုံပြိုင်ပွဲမှ ပြိုင်ပွဲဝင်ဓာတ်ပုံအချို့




Star City Sales Gallery
Kyaik Khauk Pagoda Road,
Thanlyin Township,
Yangon, Myanmar.

cityloftsales@yomaland.com
starcitysales@yomaland.com
customercare@yomaland.com

09 777 223355- 77
09 750 229 503
Tel : 056 23150 – 3,
Extension- 1112/1119

# KEY CONTACTS

### ➤ ESTATE MANAGEMENT OFFICE
Mobile: 09 765 444 536 (Zone A, B)
Mobile: 09 765 444 637 (Galaxy)
Mobile: 09 765 444 683 (City Loft)
Email: em-galaxy@yomaland.com
Email: em-cityloft@yomaland.com

### ➤ RENTAL & COMMERCIAL LEASING OFFICE
Phone: 056-23150 ext: 1186, 1162
Mobile: 09 957 378 069, 09 506 1782
Email: maytharnoetun@yomaland.com

### ➤ STAR CITY LINKS
GOLF COURSE & DRIVING RANGE
Phone: 056-23150 Ext: 1241
Mobile: 09 42385 1101
Email: starcitylinksinfo@yomaland.com

### ➤ SECURITY HELP DESK
Hotline: 09 699 872 699
Email: security@yomaland.com

### ➤ A5 MANAGEMENT OFFICE
Phone: 056-23150 Ext: 1198, 1199
Email: a5-management@yomaland.com

### ➤ COMMUNITY POOL
Phone: 056-23150 Ext: 1260
Email: recreation@yomaland.com

### ➤ ALL STARS FITNESS
Phone: 056-23150 Ext: 1194
Email: recreation@yomaland.com

### ➤ ALL STARS KIDS
Phone: 056-23150 Ext: 1220
Email: recreation@yomaland.com

### ➤ ALL STARS POOL (A5)
Phone: 056-23150 Ext: 1225
Email: recreation@yomaland.com

### ➤ PUN HLAING CLINIC
Phone: 056-23150 ext 1270, 1271
Mobile: 09 4495 23534
Email: htetaunghlaing@phsh.com.mm

### ➤ HOUSE KEEPING DEPARTMENT
Phone: 056-23150 Ext: 1227, 1124
Email: emhousekeeping@yomaland.com

### ➤ RESALE OFFICE
Phone: 056-23150 ext: 1118, 1151
Mobile: 09-420018869, 09-409796759
Email: kyikyi.hlaing@yomaland.com